# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

# ဗဟိုဌာနချုပ်

# ကော်သူးလေ

www.knuhq.org

## (၇၅)နှစ်မြောက် ကရင့်တော်လှန်ရေး နေ့ တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဥက္ကဌ ပဒိုစောကွယ်ထူးဝင်း၏ ပြောကြားသောမိန့်ခွန်း

နေ့ရက် - ကရင်နှစ် ၂၇၆၃ နှစ်၊ သလေ လဆုတ် (၆)ရက်
ခရစ်နှစ်- ၂၀၂၄ နှစ်၊ ဇန်နဝါရီလ (၃၁) ရက်

**ချစ်ခင်လေးစားရပါသော ကရင်အမျိုးသားအပေါင်းတို့**
**မျိုးချစ်တော်လှန်ရေးရဲဘော်အပေါင်းတို့**

ဒီနေ့ဟာ ကရင့်တော်လှန်ရေး (၇၅) နှစ် ပြည့်နေ့ပဲ ဖြစ်ပါတယ်။ ကရင့်အမျိုးသားသမိုင်းမှာ ပထမဦးဆုံး ကရင်လူမျိုးများ စုစည်းညီညွတ်စွာဖြင့် ကရင့်အမျိုးသားများကို ဖိနှိပ်ချုပ်ခြယ်မှုတွေကနေ လွတ်မြောက်ဖို့၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိဖို့နဲ့ တိုင်းပြည်ထူထောင်နိုင်ဖို့အတွက် လက်နက်စွဲကိုင် ခုခံတော်လှန်တိုက်ပွဲဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကရင့်တော်လှန်ရေး (၇၅)နှစ်ပြည့်နေ့မှာ တိုင်းပြည်နှင့်လူမျိုး အတွက် တော်လှန်ရေးကာလတလျှောက် အသက်၊ သွေးချွေး၊ ကိုယ်အင်္ဂါ၊ ခွန်အား၊ ဉစ္စာဓနများစွာကို ပေးဆပ် ခဲ့ကြတဲ့ ကရင့်အမျိုးသား ခေါင်းဆောင်များ၊ ရဲဘော်များ၊ ကရင်အမျိုးသားများ နှင့် ပြည်သူလူထုများအားလုံးကို ကျနော် လေးစားစွာဂုဏ်ပြုဦးညွှတ်ပါတယ်။ စစ်မြေပြင်မှာ တိုက်ပွဲဝင်နေကြတဲ့ ကရင့်အမျိုးသားခေါင်းဆောင်များ၊ တပ်မိုလ်တပ်မှူးများ၊ တပ်ဖွဲ့များ၊ ရဲဘော်များ၊ တော်လှန်ရေးအဖွဲ့ဝင်များအားလုံး အားအင်ခွန်အားပြည့်ဝလျက် ဘေးအန္တရာယ် အဝဝမှ ကင်းဝေး ပါစေကြောင်း ကျနော် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီနေ့မှာ ကရင့် အမျိုးသားခေါင်းဆောင်များ၊ ရဲဘော်များ၊ မျိုးချစ်တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ကရင်ပြည်သူလူထု တရပ်လုံး စိတ်ဓာတ်ခွန်အားပြည့်ဝကာ ဝမ်းမြောက်ပျော်ရွှင်ပြီး အောင်နိုင်စိတ်များပြည့်ဝလျက် အေးချမ်းသာယာသော ဘဝ ဖြင့် ကျန်းမာပြီး ကောင်းကျိုးပြည့်ဝလျက် ဘေးရန်စွယ်အသွယ်သွယ်မှ ကင်းဝေးပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကရင်လူမျိုးတို့ရဲ့ သမိုင်းတလျှောက်မှာ ဖိနှိပ်ညှင်းပန်းမှုတွေ၊ မတရားစော်ကားတာတွေ၊ ချုပ်ခြယ်မှုတွေ၊ အဓမ္မလုယူမှုတွေ၊ကဏ္ဍပေါင်းစုံမှာ ခံရမှုကြောင့် တနေရာမှတနေရာ ရွှေ့ပြောင်းနေထိုင်လာခဲ့ကြပြီး ဒီတိုင်းပြည်ကို ဝင်ရောက်အခြေချတဲ့အခါ မှာလည်း မဟာလူမျိုးကြီးဝါဒီတွေရဲ့ ဖိနှိပ်ချုပ်ခြယ်မှုတွေကို ခံခဲ့ရပါတယ်။ လူမျိုး

တမျိုးအနေနဲ့ ရပ်တည်ရှင်သန်တည်နိုင်ဖို့ အတွက် အခက်အခဲများကြားထဲမှာ နည်းလမ်းအမျိုးမျိုးရှာလျက် လူမျိုးရဲ့ လက္ခဏာရပ်တွေ မပျောက်ပျက်ရအောင် ထိန်းသိမ်းခဲ့ကြရတယ်။ ဘိုးဘေးတို့ရဲ့ လေးစားတန်ဖိုးထားမှု၊ ကြိုးစား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ပြီး မျိုးဆက်တဆက်ပြီးတဆက် လက်ဆင့်ကမ်းခဲ့ကြလို့သာ ဒီနေ့ဒီအချိန်အထိ လူမျိုးတမျိုးအနေနဲ့ ရှင်သန်ရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။ ကရင်လူမျိုးတို့ စာပေ ရရှိလာမှု၊ ခေတ်ပညာ သင်ကြားလာရမှု၊ သမိုင်းဖြတ်သန်းမှုနဲ့ ရင်ဆိုင်လာရတဲ့ဘဝ အတွေ့အကြုံများကြောင့် ကရင်လူမျိုးများ အသိဉာဏ် ပွင့်လင်းလာပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ နိုင်ငံတခုအနေဖြင့် သီးသန့်ရပ်တည်ကာ မိမိစိတ်ဆန္ဒဖြင့် ဦးဆောင်၊ စီမံခန့်ခွဲပြီး ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိသရွေ့ လူမျိုးတမျိုးကဲ့သို့ ခိုင်မာစွာ ရပ်တည်ပြီး အခြားလူမျိုးများနည်းတူ ဖွံ့ဖြိုးတိုးတက်ရန်မှာ မဖြစ်နိုင်ကြောင်း သိရှိလာခဲ့ကြပါတယ်။

ဒီအတွက်ကြောင့် ကရင့်အမျိုးသားခေါင်းဆောင်များဟာ အဆိုပါ ရည်မှန်းချက်များအတွက် ကရင် အဖွဲ့ အစည်းများကို ဖွဲ့စည်းတည်ထောင်ပြီး ဆောင်ရွက်လာခဲ့ကြပါတယ်။ အစောဆုံး အဖွဲ့အစည်းဟာဆိုလို့ရှိရင် ဒေါကလူ အသင်း (Karen National Association-KNA) ဖြစ်ပြီး (၁၈၈၁) ခုနှစ်မှာ ဖွဲ့စည်းတည်ထောင်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ရည်ရွယ်ချက် အသီးသီးအတွက် ကရင်အဖွဲ့အစည်းတွေ ဖွဲ့စည်းတည်ထောင် လာခဲ့ ကြပြီး ကဏ္ဍအသီးသီးမှာ လှုပ်ရှားဆောင်ရွက်ခဲ့ကြပါတယ်။ ကရင်အမျိုးသားတို့ ကိုယ်ပိုင်နိုင်ငံရှိဖို့ စိတ်အား ထက်သန်ခဲ့ကြပြီး အဲဒီအတွက် လှုပ်ရှားမှုတွေလည်း အရှိန်အဟုန် ပိုမိုအားကောင်းလာခဲ့ပါတယ်။ ဒီ လှုပ်ရှားမှု အရှိန်အဟုန်ကို ပိုကောင်းလာစေဖို့နဲ့ ဦးဆောင်ပဲ့ကိုင်နိုင်ဖို့အတွက် တနိုင်ငံလုံးမှာရှိတဲ့ ကရင်လူမျိုးကိုယ်စားလှယ် တွေ စည်းဝေးတိုင်ပင်ခဲ့ကြပြီး ကရင်လူမျိုးတို့ကို ကိုယ်စားပြုပြီး ကရင်တမျိုးသားလုံးကို ဦးဆောင်ပဲ့ကိုင်ကာ စည်းရုံးဦးဆောင်ပြီး ကရင့်အမျိုးသား လိုလားချက်များ ရရှိအောင် ဆောင်ရွက်နိုင်ဖို့အတွက် အဲဒီအချိန်က တည်ရှိ နေတဲ့ ကရင်အဖွဲ့အစည်း (၄) ဖွဲ့ ဖြစ်တဲ့ (၁) ဒေါကလူအသင်း (၂) ဗုဒ္ဓဘာသာကရင်အမျိုးသားအသင်း (၃)ကရင်ဗဟို အဖွဲ့ချုပ် (၄)ကရင်လူငယ်အစည်းအရုံး တို့ကို စုစည်းပြီး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့မှာ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

ကရင်အမျိုးသားအစည်းအရုံးရဲ့ ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့မှာ တနိုင်ငံလုံး မှာရှိတဲ့ ကရင်လူမျိုးတွေ၊ နေရာဒေသ အနှံ့အပြား၊ မြို့ ရွာအများအပြားမှာ ကရင်လူထု (၄) သိန်းကျော်ဟာ ကရင် လူမျိုး တို့ရဲ့ လိုလားချက်တွေကို စုစည်းငြိမ်ဝပ်စွာနဲ့ လမ်းမတွေမှာ တောင်းဆိုချက် (၄)ရပ်ဖြစ်တဲ့ (၁)ကရင်ပြည် ချက်ခြင်းပေး၊ (၂)ကရင်တကျပ်ဗမာတကျပ် ချက်ခြင်းပြ၊ (၃)လူမျိုးရေးအဓိကရုဏ်း အလိုမရှိ၊ (၄)ပြည်တွင်းစစ် အလိုမရှိ တို့ကို ကိုင်စွဲပြီး ဆန္ဒဖော်ထုတ် ခဲ့ကြပါတယ်။ ကရင့်သမိုင်းမှာ ကရင်လူမျိုးတွေဟာ မိမိတို့ အမျိုးသားရဲ့ လိုလားချက်ကို ပထမဦးဆုံး ဖော်ထုတ် တောင်းဆိုတဲ့နေ့၊ ကရင်လူမျိုးတို့ရဲ့ ပထမဆုံးအကြိမ် စည်းလုံးညီညွတ်မှု အဖြစ် အဲဒီနေ့ကို ကရင်အမျိုးသားနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ကာ ကရင်တမျိုးသားလုံးမှ ဂုဏ်ယူစွာဖြင့် အသိ အမှတ်ပြုလျက်ဂုဏ်ပြုလျက် ရှိပါတယ်။

ကရင်အမျိုးသားအစည်းအရုံးရဲ့ ကိုယ်စားလှယ်တွေဟာ ကရင်တမျိုးသားလုံးရဲ့ လိုလားချက်တောင်းဆို ချက်တွေကို အုပ်ချုပ်သူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကရင်အမျိုးသားရဲ့ လိုလားချက်တွေကို တနိုင်ငံလုံး အတိုင်းအတာဆန္ဒဖော်ထုတ်ခဲ့ကြတယ်။ ဒါပေမယ့် မဟာဗမာ လူမျိုးကြီးဝါဒီတွေက ကရင်လူမျိုးတို့ရဲ့ တောင်းဆို ချက်နဲ့ ပတ်သက်ပြီး ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်တွေနဲ့ နည်းလမ်းတကျ လက်ခံတွေ့ဆုံဆွေးနွေးမှု တွေ မလုပ်ခဲ့ပါဘူး။ ဒါ့အပြင် ကရင်လူမျိုးတို့ရဲ့ တောင်းဆိုချက်တွေကို အပျက်သဘောရှုမြင်သုံးသပ်ခြင်း၊ ပုပုတ်ခတ်ရေးသားပြောဆိုခြင်း၊ ပျက်စီးသွားအောင် ဆောင်ရွက်ခြင်း၊ သွေးခွဲသပ်လျှိုခြင်း၊ လက်နက်အင်အား သုံးခြင်း၊ အကြမ်းဖက်နှိမ်နင်းခြင်းတွေကြောင့် ပဋိပက္ခတွေ ပိုမိုများပြားလာပြီး နောက်ဆုံးမှာတော့ ကရင့် နိုင်ငံရေး ရပ်တည်ချက်၊ ကရင်လူမျိုးတို့ရဲ့ လိုလားချက်များ ပြည့်ဝရရှိစေဖို့အတွက် ကရင်အမျိုးသားအစည်းအရုံး က

ဦးဆောင်ပြီး ကရင်လူမျိုးတွေဟာ လက်နက်ကိုင်တော်လှန်ရေးကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ စတင်ပါဝင် ဆင်နွှဲခဲ့ကြပါတယ်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်လမ်းညွှန်မှု၊ ကရင်လူမျိုးတို့ရဲ့ အားပေးထောက်ခံကူညီဆောင်ရွက်မှုတွေကြောင့် ကရင့်တော်လှန်ရေးလှုပ်ရှားမှုဟာ နိုင်ငံရေးအရ (၁၉၄၇)ခုနှစ်တွင် စတင်ခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကတော့ ယနေ့ထိတိုင် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ကရင့် တော်လှန်ရေးဟာ ကရင်လူမျိုးတို့ရဲ့ လိုလားချက်ကို ပြည့်ပြည့်ဝဝ မဖြည့်ဆည်းပေးနိုင်သေးပေမယ့်လည်း ကရင်လူမျိုးတို့ရဲ့ အားပေးကူညီထောက်ပံ့မှု၊ ကျရာကဏ္ဍတွေမှာ လက်တွဲပါဝင်ဆောင်ရွက်မှုတွေကြောင့် ယနေ့ထိ တိုင် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေး (၇၅) နှစ်တာ ကာလအတွင်းမှာ စစ်ပွဲတွေကြောင့် သေဆုံးရတာတွေ၊ ထိခိုက်ဒဏ်ရာရတာတွေ၊ ပျက်စီးဆုံးရှုံးရတာတွေက မရေတွက်နိုင်တဲ့အပြင် စစ်ပွဲကာလအတွင်း စစ်ရေးအသာရဖို့အတွက် တပ်မြန်မာတပ်မတော်က ဆိုးရွားလှတဲ့စစ်ရေးလုပ်ရပ်တွေကို လုပ်ခဲ့တာကြောင့် စစ်ပွဲနဲ့ မသက်ဆိုင်တဲ့ ကရင်လူမျိုးနဲ့ ပြည်သူပြည်သား လူထုတွေဟာ သေဆုံးထိခိုက်ရတာ၊ မုဆိုးမ မိဘမဲ့ဖြစ်ရတာ၊ ရပ်ရွာ အိမ်ခြံကို နေရပ် စွန့်ခွာရသူတွေဖြစ်ရတာ၊ ဒုက္ခသည်တွေ ဖြစ်ရတာ၊ တကွဲတပြားစီ ပြန့်ကျဲပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ သွားရောက်အခြေချပြီး ဘဝအသစ်ပြန်စရတာတွေ ဖြစ်ခဲ့ကြပါတယ်။

ကရင့်တော်လှန်ရေး (၇၅) နှစ်တာကာလအတွင်း ကရင်အမျိုးသားအစည်းအရုံး နဲ့ ကရင်လူမျိုးတို့ဟာ အခက်အခဲ၊ အတားအဆီးတွေ အမျိုးမျိုးနဲ့ ကြုံခဲ့ရပါတယ်။ ဦးဆောင်အဖွဲ့အစည်းအတွင်းမှာ နိုင်ငံရေးအယူအဆ ရပ်တည်ချက်၊ နိုင်ငံရေး လမ်းစဉ်၊ အမြင်သဘောထား မတူညီတွေအပေါ်မှာ အချင်းချင်း ပြစ်တင်တာ၊ အကွဲအပြဲ ဖြစ်တာ၊ ရန်သူသဖွယ်သတ်မှတ်တာ၊ ကရင်အမျိုးသား အချင်းချင်းကြားထဲမှ  လက်နက်ကိုင် ပဋိပက္ခ အဆင့်ထိတိုင် ဖြစ်ခဲ့ကြတာရှိပါတယ်။ တော်လှန်ရေး အချိန်ကြာမြင့်တာနဲ့အမျှ အခက်အခဲတွေ၊ ဆင်းရဲ ကျပ်တည်းမှုတွေ ရင်ဆိုင်တာတွေကြောင့်လည်း လုပ်ဖော်ဆောင်ဖက်အချို့ဟာ တော်လှန်ရေး ကို စွန့်ခွာခဲ့ကြတာ တွေလည်း ရှိခဲ့ပါတယ်။

ကရင်အမျိုးသားအစည်းအရုံးရဲ့ နိုင်ငံရေးရည်မှန်းချက် နဲ့အညီ ကရင့်တော်လှန်ရေး အခြေခံ မူဝါဒနဲ့ လုပ်ငန်းစဉ် လမ်းစဉ်တွေကို ရေးဆွဲချမှတ်ထားတဲ့အတိုင်း နိုင်ငံရေးအခြေအနေအပေါ်မူတည်ပြီး ကရင်အမျိုးသားအစည်းအရုံးကို ဦးဆောင်ဦးရွက်ပြုနေတဲ့ ခေါင်းဆောင်များဟာ နိုင်ငံရေးလုပ်ငန်းစဉ်၊ စစ်ရေးလုပ်ငန်းစဉ်၊ စစ်ဆင်ရေး စီမံချက်များကို အဆင့်ဆင့် ချမှတ်ကာ ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ကရင့်တော်လှန်ရေးဟာ ရည်မှန်းချက် တူညီတဲ့ အခြားသော တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံရေး အဖွဲ့အစည်းများနဲ့ ဆက်စပ်ဆောင်ရွက်နေတာ ရှိပါတယ်။

ကရင့်နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖို့ကို ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များ တဆက်ပြီးတဆက် ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ (၂၀၁၂)ခုနှစ်မှ (၂၀၂၁) ခုနှစ်ထိ ကရင်အမျိုးသားအစည်းအရုံး နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်း အချို့ဟာ နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးဖြေရှင်းနိုင်ဖို့အတွက် အုပ်ချုပ်သူများနဲ့ အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဖို့အတွက် "တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်" ကို သဘောတူညီမှု ရယူခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ စစ်ပွဲတွေကို ရပ်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပကာ နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသော နိုင်ငံရေး သဘောတူညီချက် များဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်သွားဖို့ပဲ ဖြစ်ပါတယ်။

"တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်" ကိုအကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေမှာ အုပ်ချုပ်သူတွေဟာ သဘောတူစာချုပ်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မပြုတာကြောင့် အပစ်

အခတ် ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာဖြစ်စေ၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းစဉ်များမှာဖြစ်စေ မျှော်လင့်ထားသလို အကောင်အထည်ဖော်မှုများ မပြုလုပ်နိုင်ခဲ့ပါ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးစားခဲ့သည့် (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံကို အုပ်ချုပ်နေသူများထံမှ အသိအမှတ်ပြုခြင်း၊ တန်းတူညီမျှခြင်းနှင့် နိုင်ငံရေးပြဿနာအစစ်အမှန်ကို ဖြေရှင်းလိုစိတ်တို့ကို မတွေ့ခဲ့ရပါ။

ဒါ့အပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှာမြန်မာတပ်မတော်မှ တိုင်းပြည်အာဏာကို အဓမ္မလုယူအာဏာသိမ်း ခဲ့သည့်အတွက် နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာမှု နည်းလမ်းများ အားလုံး ရပ်တန့်သွားခဲ့ရပါတယ်။ စစ်တပ်မှ တိုင်းပြည်အာဏာကို အဓမ္မလုယူအာဏာသိမ်းမှုဟာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ဖို့ မြန်မာတပ်မတော်မှ လုံးဝလက်ခံခြင်း မရှိတာကို ရှင်းရှင်းလင်းလင်း ဖော်ပြနေတာ ဖြစ်ပါတယ်။ မြန်မာတပ်မတော်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ အခွင့်အာဏာအတိုင်း အခွင့်ထူးခံ အာဏာကို ဆက်လက်ရယူလိုတာ ဖြစ်ပါတယ်။

မြန်မာတပ်မတော်ရဲ့ တိုင်းပြည်အာဏာကို ဥပဒေမဲ့ သိမ်းယူခဲ့မှုဟာ ဒီမိုကရေစီလမ်းစဉ်ကို ဖျက်ဆီးလိုက်ပြီး စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်တဲ့ လမ်းစဉ်ပဲ ဖြစ်ပါတယ်။ တိုင်းပြည်တပြည်လုံးမှာ ရှိတဲ့ ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ နာမည်ထင်ရှားကျော်ကြားသူတွေ၊ အထူးသဖြင့် လူငယ်တွေဟာ စစ်အာဏာသိမ်းမှုကို လုံးဝ လက်မခံဘဲ ဆန့်ကျင်တွန်းလှန်ခဲ့ကြပါတယ်။ ပြည်သူလူထုတရပ်လုံးရဲ့ စစ်အာဏာရှင်တို့ရဲ့ နိုင်ငံ့အာဏာအဓမ္မလုယူသိမ်းပိုက်တာကို ဆန့်ကျင်မှုဟာ ပိုမို အင်အားကောင်း ကြီးထွားလာခဲ့တာကြောင့် ဆန့်ကျင်မှုတွေကို ဖြိုခွဲဖို့ ဆန့်ကျင်သူတွေကို ဖမ်းဆီးတာ၊ အင်အားသုံး အကြမ်းဖက်နှိမ်နင်းရာမှာ တိုက်ပွဲဝင် စစ်လက်နက်တွေ အသုံးပြုခဲ့ပြီး ဆန္ဒပြသူတွေကို မတရားဖမ်းဆီးနှိပ်စက်ညှင်းပန်းတာ၊ ပစ်သတ်တာတွေကို ရက်စက်ကြမ်းကြုတ်စွာ လုပ်ခဲ့ပါတယ်။ အသက်ဘေးလုံခြုံရေးအတွက် ပြည်သူလူထုတွေ၊ ဝန်ထမ်းတွေ၊ လူငယ်တွေဟာ ကရင်အမျိုးသား အစည်းအရုံးနယ်မြေ အပါအဝင် တိုင်းရင်းသား တော်လှန်ရေးနယ်မြေအတွင်းကို ခိုလှုံဝင်ရောက်လာခဲ့ ကြပါတယ်။

လက်ရှိအချိန်မှာ မြန်မာတပ်မတော်က တိုင်းပြည်အာဏာသိမ်းပြီးနောက်ပိုင်းမှာ ဗမာပြည်ရဲ့ နိုင်ငံရေးအခြေအနေဟာ အရင်အချိန်တွေနဲ့မတူတဲ့ ထူးခြားတဲ့အအနေအထားတရပ် ဖြစ်နေပါတယ်။ အရင်တုန်းကဆိုရင် ဗမာပြည်အတွင်း အုပ်ချုပ်သူတွေကို တော်လှန်တဲ့သူတွေဟာ တိုင်းရင်းသားလူမျိုး တော်လှန်ရေးအဖွဲ့အစည်းများ ဖြစ်ကြပြီး အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု အစစ်အမှန်ကို တည်ဆောက်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာ ဗမာလူထုလူတန်းစား အားလုံးနဲ့အတူ တပြည်လုံးမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ လူငယ်တွေဟာ နိုင်ငံရေးအမြင် ပွင့်လင်းလာမှုကြောင့် စစ်အာဏာရှင်ကို နိုင်ငံရေးအရ၊ စစ်ရေးအရ မိမိတို့ရဲ့ အနာဂတ်ကံကြမ္မာအတွက် ဆန့်ကျင်တွန်းလှန်တော်လှန်နေကြပြီ ဖြစ်ပါတယ်။ စစ်အာဏာသိမ်းမှုကို အပြီးတိုင်ချေမှုန်းဖို့ အသင်းအဖွဲ့ အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းထူထောင်ခဲ့ ကြတာပဲ ဖြစ်ပါတယ်။ နိုင်ငံတွင်း ဒေသအနှံ့အပြားမှာ ပြည်သူ့ကာကွယ်ရေးတပ် (PDF) များကို ပုံစံအမျိုးမျိုးနဲ့ ဖွဲ့စည်းပြီး လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲကာ အာဏာရှင်အုပ်ချုပ်ရေး စနစ်အဆုံးသတ်ရန် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရေးအတွက် တိုက်ပွဲဝင်နေကြပါတယ်။ စစ်ပွဲတွေဟာ ပြည်တွင်းမှာရော မြို့တွေမှာပါ နေရာအနှံ့အပြားမှာ ဖြစ်ပွားနေပါတယ်။ ကရင်အမျိုးသားအစည်းအရုံး နယ်နိမိတ် အတွင်းမှာ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားနေတာကြောင့် ဒေသခံပြည်သူလူထုတွေဟာ စိုးရိမ်ထိတ်လန့်စွာဖြင့် နေထိုင်နေကြရပြီး ရပ်ရွာ၊ အိမ်ခြံကို ထားပစ်ခဲ့ပြီး တောတောင်သစ်တောတွေထဲ ထွက်ပြေး တိမ်းရှောင်နေရပြီး ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူတွေဖြစ်လာတယ်၊ ပြည်တွင်းနေရာအနှံ့အပြားမှာလည်း ဖြစ်နေပါတယ်။

အရင်တုန်းက "ဖက်ဒရယ်" ဆိုတဲ့ ဝေါဟာရကို မြန်မာတပ်မတော်မှ ခွဲထွက်ရေး ဆိုပြီး အဓိပ္ပါယ်ဖွင့်ဆိုတဲ့ နိုင်ငံရေးဝေါဟာရ တရပ်ဖြစ်ခဲ့ပြီး တိုင်းပြည်အာဏာသိမ်းကာ စစ်အုပ်ချုပ်ရေးပုံစံအမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ အထူးသဖြင့် ဗမာလူမျိုးတွေအနေနဲ့ မြန်မာတပ်မတော်ရဲ့ ဝါဒဖြန့်မှုနဲ့ မဟာလူမျိုးကြီးဝါဒတွေကြောင့် သူတို့အတွက်လည်း ကြောက်စရာဝေါဟာရတရပ် ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာ တတိုင်းပြည်လုံးက မြန်မာတပ်မတော်ကလွဲပြီး ဒီဝေါဟာရရဲ့ အဓိပ္ပါယ်ထက်ကို ကောင်းကောင်းသိနားလည်လက်ခံပြီး တိုင်းပြည် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ဖို့ လိုအပ်တယ်ဆိုတာ လက်ခံလာကြပြီး ဖြစ်ပါတယ်။

ကရင်အမျိုးသားတော်လှန်ရေး ရည်မှန်းချက်ဖြစ်တဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ဒီတိုင်းပြည်ကို ဖက်ဒရယ်နဲ့ဒီမိုကရေစီစနစ်အပေါ်မှာ အခြေခံပြီးတည်ဆောက်တဲ့ ပြည်ထောင်စု စစ်စစ် အဖြစ် တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ဟာ ကရင်တမျိုးသားလုံးနဲ့ သက်ဆိုင်ပြီး ကရင့်အမျိုးသားရေးအတွက် ဆောင်ရွက်နေတဲ့ ကရင့်အဖွဲ့အစည်းတွေအားလုံးနဲ့လည်း သက်ဆိုင်ပါတယ်။ အလားတူပဲ တိုင်းပြည်တပြည်လုံးနဲ့ တိုင်းရင်းသားလူမျိုးအားလုံး၊ ပြည်သူလူထုတရပ်လုံးရဲ့ အကျိုးစီးပွားနဲ့ မျှော်ရည်ချက်တွေနဲ့လည်း သက်ဆိုင်ပါတယ်။ ကရင့်သမိုင်းတလျှောက်လုံး ယနေ့ထိတိုင် ကရင်လူမျိုးတွေဟာ လူမျိုးဖြစ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသွင်သဏ္ဍာန်အမျိုးမျိုးကို ခြိမ်းခြောက်နေတဲ့ မဟာလူမျိုးကြီးဝါဒနဲ့ အာဏာရှင်စနစ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေခဲ့ရတာ ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်မှာလည်း မဟာလူမျိုးကြီးဝါဒကို စွဲကိုင်ထားပြီး စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ် လမ်းစဉ်ကို ကျင့်သုံးနေသည့် စစ်အာဏာရှင်အုပ်စုနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒီဝါဒတွေ မပျက်သုဉ်းသရွေ့ ကျနော်တို့ လူမျိုးရဲ့ ဖြစ်တည်ရှင်သန်မှုနဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးတွေ ရရှိလာမှာ မဟုတ်ပါဘူး။ ဒီဝါဒတွေ ဒီတိုင်းပြည်မှာ ရှိနေသရွေ့ ငြိမ်းချမ်းရေး မရရှိနိုင်ပါဘူး၊ ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ပါဘူး။ ကရင့် အဖွဲ့အစည်းတွေ၊ ကရင်လူမျိုးနဲ့ တိုင်းရင်းသားလူမျိုးတွေ၊ ပြည်သူလူထုအားလုံးအနေနဲ့ မဟာလူမျိုးကြီးဝါဒနဲ့ အာဏာရှင်စနစ်ကိုချုပ်ငြိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီတိုင်းပြည်မှာတည်ဆောက်နိုင်ဖို့ အတူတကွ လက်တွဲ ဆောင်ရွက် အကောင်အထည်ဖော်သွားရမှာပဲ ဖြစ်ပါတယ်။

ကရင့်တော်လှန်ရေးဟာ ကရင်အမျိုးသားတော်လှန်ရေးဖြစ်ပါတယ်။ ကရင့်တော်လှန်ရေးဟာ ကရင်တမျိုးသားလုံး နဲ့ သက်ဆိုင်တဲ့ တော်လှန်ရေးပဲ ဖြစ်ပါတယ်။ ကရင်လူမျိုးတို့ရဲ့ လိုလားချက်များ ပြည့်ဝစေရန် ဆောင်ရွက် အကောင်အထည်ဖော်ဖို့က ကရင်တမျိုးသားလုံးရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ကရင့်တော်လှန်ရေး အောင်ပွဲဆင်နိုင်ရေးမှာ အကြောင်းအရာများစွာအပေါ် တည်မှီနေပါတယ်။ အဓိကအကျဆုံးကတော့ ကရင်တမျိုးသားလုံးရဲ့ လိုလားချက်နဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုအပေါ်မှာ အခြေတည်ပါတယ်။ ကရင်အမျိုးသားရေး အတွက် ဆောင်ရွက်နေတယ်လို့ မိမိကိုယ်ကို သတ်မှတ်ထားတဲ့ ကရင့်အဖွဲ့အစည်းတိုင်း၊ ကရင့် လက်နက်ကိုင် အဖွဲ့အစည်းတိုင်း၊ ၁၉၄၉ ခုနှစ် ကလိုပဲ ပြန်လည်ပေါင်းစည်းညီညွတ်ဖို့ လိုအပ်ပါတယ်။ ကရင့် ကံကြမ္မာဟာ ကရင့်လက်ထဲမှာပဲ ရှိပါတယ်။ ကရင်တမျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုဟာ ကရင့်ကံကြမ္မာကို အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ ကရင်အမျိုးသားတို့ရဲ့ လိုလားချက်များ ပြည့်ဝအောင်မြင်ဖို့နဲ့ ဒီတိုင်းပြည်မှာရှိတဲ့ တိုင်းရင်းသား လူမျိုးများ အားလုံးတို့ရဲ့ လိုလားချက်တွေအတွက် ကရင်အမျိုးသားအစည်းအရုံးရဲ့ ပထမဆုံး ရည်မှန်းချက်ကတော့ လွတ်လပ်မှု၊ တန်းတူညီမျှရှိမှု နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ကော်သူးလေ ကို တည်ထောင်ခြင်းဖြစ်ပြီး တချိန်တည်းမှာပဲ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လွတ်လပ်မှု၊ တန်းတူညီမျှမှု နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်နယ်များနဲ့ တည်ဆောက်သွားဖို့ပဲ ဖြစ်ပါတယ်။

ဒီနေ့မှာ ဒီတိုင်းပြည်နဲ့ ပတ်သက်ဆက်စပ်တဲ့ အဖွဲ့အစည်းအားလုံးကို အသိပေးတောင်းဆိုလိုတာက ဒီတိုင်းပြည်ရဲ့ အခက်အခဲ အကျပ်အတည်း ပြဿနာတွေဟာ ဒီတိုင်းပြည်ရဲ့ အရေးပြဿနာ၊ အကျပ်အတည်း

ဖြစ်ပေမယ့်လည်း ဆက်စပ်ပတ်သက်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားအတွက် အခက်အခဲ၊ ဝန်ထုပ် ဝန်ပိုးများလည်း ဖြစ်စေပါတယ်။ ဒီတိုင်းပြည်ရဲ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နဲ့ အိမ်နီးချင်းနိုင်ငံ များရဲ့ အကျိုးစီးပွားအတွက် တခုတည်းသော နည်းလမ်းကတော့ အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ဒီ တိုင်းပြည်ကို လူမျိုးများနှင့် ပြည်သူပြည်သားအားလုံးအတွက် ဒီမိုကရေစီ၊ လွတ်လပ်မှု၊ အမျိုးသား တန်းတူညီမျှမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အပြည့်အဝ အာမခံသည့် "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု" အဖြစ် တည်ထောင် သွားဖို့ပဲ ဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများကို ကျနော်ဖော်ပြ တောင်းဆိုလိုတာကတော့ ဒီတိုင်းပြည်ရဲ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက် လူမျိုးများ၊ ပြည်သူ ပြည်သားများတို့ရဲ့ အဖွဲ့အစည်းများနဲ့အတူ ကဏ္ဍအလိုက်၊ နည်းမှန် လမ်းမှန်နဲ့ ဒီတိုင်းပြည်နဲ့ ပကတိအရှိတရားနဲ့ ကိုက်ညီစွာ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြဖို့ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကရင့်တော်လှန်ရေး (၇၅) နှစ်ပြည့်နေ့မှာ ဖက်ဒရယ်ဒီမိုကရေစီဝါဒအပေါ် အခြေခံပြီး ပြည်ထောင်စုသစ်ကို တည်ဆောက်ကာ မည်သည့်အာဏာရှင်စနစ်၏ စရိုက်လက္ခဏာများကိုမဆို ဖယ်ရှား၍ လူမျိုးများနှင့် ပြည်သူပြည်သားများ၏ ဖြစ်တည်ရှင်သန်မှု၊ အကျိုးစီးပွားစစ်စစ်ကို အာမခံလျက်၊ အနာဂတ် မျိုးဆက်အတွက် ငြိမ်းချမ်းရေးနှင့် ကဏ္ဍစုံ လူမှုဘဝဖွံ့ဖြိုးတိုးတက်ခြင်းတို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံး၊ ကရင်လူမျိုးနှင့် တိုင်းရင်းသားလူမျိုးများ၊ ပြည်သူပြည်သားများအားလုံး ရှေ့ဆက် တော်လှန်ရေး လှုပ်ရှားမှုအတွက် စည်းလုံးညီညွတ်မှု၊ ဝမ်းမြောက်ရွှင်လန်းမှုတို့ဖြင့် အားကုန်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ ကျနော် အားပေးတိုက်တွန်းရင်း ကရင့်တော်လှန်ရေး (၇၅) နှစ်ပြည့်နေ့မှာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

***********